Bettina-Kattermann-Stiftung

Bettina-Kattermann-Stiftung | Hohenzollernring 52 | 50672 Köln

c/o Stiftung Asienhaus
Hohenzollernring 52
50672 Köln

Fon: +49 (0)221.716121-11
bks@asienhaus.de

www.bettina-kattermann-stiftung.de

7. April 2015

# သတင်းထုတ်ပြန်ချက်
# မြန်မာနိုင်ငံမှ ဆရာဝန်နှစ်ဦးအား မာစတာပညာဆက်လက်သင်ကြားရန်အတွက် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ခြင်း

Katholischer Akademischer Ausländerdienst (KAAD) မှ Bettina-Kattermann ဖောင်ဒေးရှင်း၏ အကြံပေးပုဂ္ဂိုလ်များနှင့် သဘောတူညီချက်အရ ၂၀၁၅/၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးရရှိသူ နှစ်ဦးအား ၁၉.၀၃ နေ့တွင် ရွေးခြယ် ဆုံးဖြတ်ခဲ့ပါသည်။ ၎င်း ပညာသင်ထောက်ပံ့ကြေး ရရှိသူနှစ်ဦးသည် Bangkok မြို့ရှိ Mahidol တက္ကသိုလ်တွင် ပညာဆက်လက်သင်ကြားရမည် ဖြစ်ပါသည်။

ပညာသင်ထောက်ပံ့ကြေး ရရှိသူနှစ်ဦးမှာ



- တောင်ကြီးမြို့မှ **ဒေါက်တာပိုးပိုး** (မွေးသက္ကရာဇ် ၁၉၈၄ ခုနှစ်)။ သူမသည် အပူပိုင်းဒေသဆိုင်ရာဆေးဝါးပညာရှင် ဆရာဝန်တစ်ဦးအဖြစ် လက်တွေ့ကျကျ လုပ်ဆောင်နိုင်ရန်အတွက် သူမ၏ ၁၂ လကြာ မာစတာပညာသင်ကြားကို အပူပိုင်းဒေသဆိုင်ရာဆေးဝါးပညာ အဓိကဘာသာဖြင့် ပညာဆက်လက်သင်ကြားမည် ဖြစ်ပါသည်။ သူမသည် သူမ၏ စာမေးပွဲများအပြီး ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံရှိ Médecins Sans Frontières Niederlande တွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သည်။ သူမသည် HIV၊ အဆုတ်ရောဂါ နှင့် ငှက်ဖျားရောဂါ တို့နှင့် သက်ဆိုင်သော ဆေးဝါးဆိုင်ရာနယ်ပယ်များတွင် အဓိကထား၍ အလုပ်လုပ်ခဲ့သည်။ သူမသည် ထိုင်းနိုင်ငံ မဲဆောက်တွင် ဆေးဝါးဆိုင်ရာ Trainer တစ်ဦးအဖြစ် နောက်ဆုံး လုပ်ကိုင်ခဲ့သည်။ သတင်းအပြည့်အစုံကို ဤနေရာတွင်ဖတ်ရန်



- နမ္မတီးမြို့မှ **ဒေါက်တာဇော်ဈာန်လတ်** (မွေးသက္ကရာဇ် ၁၉၉၂ ခုနှစ်)။ သူသည် သူ၏ ၁၄ လကြာ „Public Health“ အဓိကဘာသာဖြင့် မာစတာပညာသင်ကြားကို စတင်မည်ဖြစ်ပါသည်။ သူသည် ယခုအချိန်တွင်

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ Myanmar Health Assistant Association (MHAA) မှ „ပြည်တွင်းဒုက္ခသည်များ နှင့် မငြိမ်မသက်၍ ပဋိပက္ခများဖြစ်နေသော ဒေသများ" အမည်ရှိ Project တစ်ခုတွင် ပါဝင်လုပ်ကိုင်လျက် ရှိသည်။ သတင်းအပြည့်အစုံကို ဤနေရာတွင်ဖတ်ရန်

တက္ကသိုလ်ကျောင်းလခ၊ ကျောင်းသုံးပစ္စည်းများ၊ သုတေသနဆိုင်ရာ Project များနှင့် အသက်မွေးဝမ်းကျောင်းအတွက်လိုအပ်သော ကုန်ကျစရိတ် စသည်တို့ကို ပညာသင်ထောက်ပံ့ကြေးငွေအတွင်းမှ အသုံးချရမည် ဖြစ်ပါသည်။ စုစုပေါင်း ပညာသင်ထောက်ပံ့ကြေးငွေ ပမာဏမှာ ယူရို ၁၇၀၀၀ ဖြစ်ပါသည်။

ဘန်ကောက်မြို့တွင် ပညာသင်ထောက်ပံ့ကြေးရရှိသူများအား KAAD မှ စောင့်ရှောက်ခြင်းကိုလည်း တာဝန်ယူမည် ဖြစ်ပါသည်။ ၎င်းအပြင် ပညာသင်ထောက်ပံ့ကြေးနှင့်ဆိုင်ရာ ရုံးကိစ္စများကိုလည်း တာဝန်ယူဆောင်ရွက်မည်
ဖြစ်ပါသည်။

Bettina Kattermann ဖောင်ဒေးရှင်း၏အကြောင်း သတင်းအချက်အလက်များကို အင်တာနက်စာမျက်နှာ www.bettina-kattermann-stiftung.de ပေါ်တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ Bettina Kattermann ဖောင်ဒေးရှင်းတွင် သုံးစွဲရန် မတည်ငွေရင်း ယူရို ၂၀၀၀၀၀ ရှိပါသည်။ လူကြီးမင်းများ၏ ပါဝင်လှူဒါန်းမှုနှင့်အတူ အောင်မြင်ထိရောက်သော ပညာသင်ထောက်ပံ့ကြေးအစီအစဉ် တောင့်တင်းခိုင်မာစေရန်အတွက် လူကြီးမင်းများအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ၎င်းအပြင် လူကြီးမင်းများ၏ ဆောင်ရွက်ဖြည့်ဆည်းမှုနှင့်အတူ ပိုမိုကောင်းမွန်သော ဆေးဝါးဆိုင်ရာကုသမှုကို စွမ်းဆောင်နိုင်ရန်အတွက်လည်း ဖိတ်ကြားအပ်ပါသည်။

Bettina Kattermann ဖောင်ဒေးရှင်း၏ ရည်မှန်းချက်သည် လျစ်လျူရှုခြင်းခံထားရသော လူအုပ်စုများအတွက် အထူးသဖြင့် လူမှုရေးဆိုင်ရာများကို စိတ်အားထက်သန်စွာ အထောက်အထားပြု၍ လုပ်ဆောင်နိုင်သော ပညာသင်ထောက်ပံ့ကြေး ရရှိသူများကို မြေတောင်မြှောက်ပေးရန် ဖြစ်ပါသည်။

Cologne ၀၇.၀၄.၂၀၁၅

Links:

- ဒေါက်တာပိုးပိုး၏အကြောင်း (in English)
- ဒေါက်တာဇော်ရှာန်လတ်၏အကြောင်း (in English)
- ဒေါက်တာချစ်ရဲဇော်၏အကြောင်း (Bettina Kattermann ဖောင်ဒေးရှင်းမှ ပထမဆုံး ပညာသင်ထောက်ပံ့ကြေး ရရှိသူ)